ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာ

အမှတ်၊ ၇/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်

( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

နိုင်ငံသားအာမခံပညာရှင် ခန့်အပ်ခြင်းညွှန်ကြားချက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ၊ ပုဒ်မ (၃၈)၊ ပုဒ်မခွဲ (ခ) ဖြင့် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ၊ ပုဒ်မ (၄)၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၆) ပါ "နိုင်ငံသားအာမခံပညာရှင်" ကို ခန့်အပ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နိုင်ငံသားအာမခံပညာရှင်သည်-

(၁) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အာမခံလုပ်ငန်း (သို့မဟုတ်) အာမခံသင်္ချာနယ်ပယ်တွင် အသိအမှတ်ပြုခံရသည့် အဆင့်အတန်း၊ အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝသူဖြစ်ရမည်။

(၂) အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၏ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ အဖွဲ့အစည်းများဖြစ်သည့်အာမခံကုမ္ပဏီများ၊ အာမခံကိုယ်စားလှယ်များ၊ အာမခံအကျိုးဆောင်များ၊ အာမခံလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများတွင် ဘုတ်အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ ဒါရိုက်တာအဖြစ်သော်လည်းကောင်း၊ အဆင့်မြင့် စီမံခန့်ခွဲသူအဖြစ်သော်လည်းကောင်း၊ အကြံပေး သို့မဟုတ် အခြားရာထူးအဆင့်များတွင်လည်းကောင်း တာဝန်ထမ်းဆောင်နေသူ မဖြစ်ရ။

(၃) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည့်နေ့မှစ၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ အာမခံကုမ္ပဏီများ၊ အာမခံကိုယ်စားလှယ်များနှင့် အာမခံအကျိုးဆောင်များတွင် အစုရှယ်ယာရှင် မဖြစ်ရ။

(ခ) အောက်ဖော်ပြပါပုဂ္ဂိုလ်များအား အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ နိုင်ငံသားအာမခံပညာရှင်အဖြစ် ခန့်အပ်ခြင်းမပြုရ။

(၁) စိတ်ပေါ့သွပ်သူ၊

(၂) တရားရုံး၏ဆုံးဖြတ်ချက်အရ ပြစ်မှုဆိုင်ရာဥပဒေဖြင့် ပြစ်ဒဏ်စီရင်ခံရပြီး ထောင်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းခံရသူ၊

(၃) လူမွဲအဖြစ်ကြေငြာခြင်းခံရသူ၊

(ဂ) နိုင်ငံသားအာမခံပညာရှင်အဖြစ် ခန့်အပ်ခြင်းခံရသူသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို တာဝန်ထမ်းဆောင်သည့် သက်တမ်းကုန်ဆုံးပြီးနောက် လျှို့ဝှက်အဖြစ် ဆက်လက်ထိန်းသိမ်းထားရမည်။

(ဃ) နိုင်ငံသားအာမခံပညာရှင်၏သက်တမ်းသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင်အဖြစ် စတင်ခန့်အပ်သည့်အချိန်မှစ၍ (၃) နှစ်ဖြစ်ပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင်သက်တမ်း (၂) ကြိမ်ထက်ပို၍ မထမ်းဆောင်ရ။

(င) နိုင်ငံသားအာမခံပညာရှင်သည် မိမိ၏ရာထူးသက်တမ်းကုန်ဆုံးသော်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အခြားနိုင်ငံသားအာမခံပညာရှင်အား အစားထိုး ခန့်အပ်ခြင်းမပြုမီ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(စ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင်အဖြစ် အစားထိုးခန့်အပ်ခြင်းခံရသော နိုင်ငံသားအာမခံပညာရှင်၏ သက်တမ်းသည် မူလပညာရှင်၏ သက်တမ်းကုန်ဆုံးချိန်တွင်ကုန်ဆုံးသည်။

(ဆ) နိုင်ငံသားအာမခံပညာရှင်သည် မိမိ၏သဘောဆန္ဒအလျောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး နုတ်ထွက်နိုင်သည်။

(ဇ) နိုင်ငံသားအာမခံပညာရှင်အနေဖြင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ ကြိုတင်တင်ပြခြင်းမရှိဘဲ အစည်းအဝေး (၃) ကြိမ်ဆက်တိုက်တက်ရောက်ရန်ပျက်ကွက်ပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်မှ ရပ်စဲနိုင်သည်။

(ဈ) နိုင်ငံသားအာမခံပညာရှင်သည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေအခန်း(၃)၊ ပုဒ်မ ၅ အရ ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်သည့် စရိတ်နှင့်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

(ည) နိုင်ငံသားအာမခံပညာရှင်သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေနှင့်ညွှန်ကြားချက်တို့နှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခဲ့လျှင်သော်လည်းကောင်း၊ ၎င်း၏

ဆောင်ရွက်ချက်များသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ဂုဏ်သိက္ခာကိုထိခိုက်ခဲ့လျှင်သော်လည်းကောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်မှုသည် ကျေနပ်ဖွယ်မရှိလျှင်သော်လည်းကောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်မှ ရပ်စဲနိုင်သည်။

(င) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် နိုင်ငံသားအာမခံပညာရှင်အများဆုံး (၂) ဦး သာခန့်ထားရမည်။

( စိုးဝင်း )
ပြည်ထောင်စုဝန်ကြီး

အမိန့်အရ

( ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်